Australian Government
Services Australia



# Youth Allowance for job seekers

Youth Allowance for job seekers သည် အကယ်၍ သင် အသက် 21 နှစ် သို့မဟုတ် အောက်ဖြစ်ပြီး အလုပ်ရှာနေပါက သို့မဟုတ် အလုပ်ကို ယာယီအားဖြင့် လုပ်နိုင်စွမ်း မရှိသေးပါက သင့်အား ငွေကြေး အကူအညီပေးသည်။

## Youth Allowance for job seekers အတွက် ရနိုင်ခွင့်

Youth Allowance for job seekers ကို ရရန် သင် ကိုက်ညီရန်လိုအပ်သည့် စည်းမျဉ်းများမှာ သင့် အခြေအနေအပေါ် မူတည်ပါသည်။

သင်သည် အသက် 16 မှ 21 နှစ် အကြားရှိရမည်ဖြစ်ပြီး အောက်ပါနှစ်မျိုးလုံးနှင့် ကိုက်ညီရမည်–

- နေထိုင်ခွင့် စည်းမျဉ်းများ
- ဝင်ငွေ စိစစ်မှု။

သင် အောက်ပါအနက် တစ်ခုနှင့်လည်း ကိုက်ညီရန်လိုအပ်သည်–

- အလုပ်လက်မဲ့ဖြစ်ပြီး အလုပ်ရှာနေရမည်
- နာမကျန်းဖြစ်နေပြီး သို့မဟုတ် ထိခိုက်ဒဏ်ရာရနေပြီး သင်၏ သာမန် အလုပ်ကို လုပ်နိုင်စွမ်းမရှိရ သို့မဟုတ် အချိန်တို ပညာသင်၍ မရနိုင်ရမ။

အကယ်၍သင်သည် Department of Veterans' Affairs (DVA) မှ အချို့သော ထောက်ပံ့ကြေးများ ရရှိနေပါက သင် ရခွင့်မရှိပါ။

Youth Allowance အတွက် သင်၏ ရခွင့်ကိုစိစစ်ရန် သင်၏လက်ရှိ အခြေအနေများကို ထည့်သွင်းစဉ်းစားပါမည်။

## Youth Allowance for job seekers အတွက် ထောက်ပံ့ကြေး နှုန်းထားများ

သင် ရနိုင်သည့် ပမာဏမှာ သင်၏ ကိုယ်ရေးကိုယ်တာ အခြေအနေအပေါ် မူတည်ပြီး ပြောင်းလဲနိုင်ပါသည်။ ၎င်းတို့မှာ–

- သင့်တွင် ကြင်ဖော်ဘက်ရှိလျှင်
- သင့်တွင် ကလေးများရှိလျှင်
- အကယ်၍သင်သည် မိဘအိမ်၌နေထိုင်လျှင်
- ပညာသင်ရန်၊ သင်တန်းတက်ရန် သို့မဟုတ် အလုပ်ရှာရန် သင်၏မိဘအိမ်မှ အဝေးတွင် နေထိုင်နေလျှင်
- အကယ်၍ သင့်တွင် ပိုင်ဆိုင်ပစ္စည်း တစ်စုံတစ်ရာရှိလျှင် ဥပမာ အိမ်၊ အစုရှယ်ရာ သို့မဟုတ် ကိုယ်တိုင်စီမံသည့် ရင်းနှီးမြှုပ်နှံမှုများ
- လွန်ခဲ့သည့် 14 ရက်တွင် သင်နှင့် သင့်ကြင်ဖော်ဘက် မည်မျှ ဝင်ငွေရှိသည်။

အကယ်၍ သင် သတ်မှတ်ထားသည့် ပမာဏထက် ကျော်လွန်ပြီး ဝင်ငွေရှိပါက ၎င်းသည် သင် မည်မျှရမည်ကို သက်ရောက်မှုရှိနိုင်သည်။

## Youth Allowance for job seekers ကိုတောင်းခံပုံ

သင်သည် Youth Allowance for job seekers ကို myGov မှတစ်ဆင့် သင်၏ Centrelink အွန်လိုင်း စာရင်းကို အသုံးပြုခြင်းဖြင့် အွန်လိုင်းမှ တောင်းခံနိုင်သည်။ အကယ်၍ သင့်တွင် myGov စာရင်း သို့မဟုတ် Centrelink အွန်လိုင်း စာရင်း မရှိလျှင် သင် စာရင်းဖွင့်ရန်လိုအပ်သည်။

သင် အွန်လိုင်းစာရင်းကိုဖွင့်ရန် အကူအညီလိုအပ်ပါက ကျွန်ုပ်တို့၏ ဝန်ထမ်းနှင့် ပြောဆိုနိုင်ပါသည်။ သင် စကားပြန်တစ်ဦးလိုလျှင် ကျွန်ုပ်တို့ကို အသိပေးပါ၊ ကျွန်ုပ်တို့ စကားပြန်တစ်ဦးကို အခမဲ့ စီစဉ်ပေးပါမည်။

သင့်အခြေအနေများ ပြောင်းလဲခြင်း မပြုမီ 13 ပတ်အထိ သင် စတင် တောင်းခံနိုင်သည်။

၎င်းမှာ အောက်ပါ အကြောင်းရင်းများကြောင့်ဖြစ်နိုင်သည်–

- သင် အချိန်ပြည့် ပညာသင်ခြင်းကို ရပ်ဆိုင်းလိုက်ခြင်း
- သင် အလုပ်ကို အချိန်လျှော့လုပ်နေပြီး သင် ကိုယ်ပိုင် ဝင်ငွေ စိစစ်မှုနှင့် ကိုက်ညီနေခြင်း
- သင်၏အလုပ်ကို ဆုံးရှုံးရတော့မည်ကို သင် သိရှိနေခြင်း တို့ဖြစ်ပါသည်။

အကယ်၍ သင်၏ ငွေကြေး အခြေအနေ ပြောင်းလဲပါက တောင်းခံချက်ကို အချိန်မရွေး ရုပ်သိမ်းနိုင်ပါသည်။

## သင်၏ ပထမအကြိမ် ထောက်ပံ့ငွေ ရရှိသည့်အခါ

ကျွန်ုပ်တို့အနေဖြင့် သင်၏ ပထမအကြိမ် ထောက်ပံ့ငွေကို မပေးမီ သင်သည် ကနဦး အလုပ်များကို ပြီးဆုံးအောင် လုပ်ရန်လိုအပ်ပါမည်။

များသောအားဖြင့် သင်၏ တောင်းခံချက်ကို ကျွန်ုပ်တို့ အတည်ပြုပေးပြီး 2 ပတ်ခန့်တွင် သင်၏ ပထမဆုံးအကြိမ် Youth Allowance ကို ရပါလိမ့်မည်။ အကယ်၍ စောင့်ဆိုင်းရမည့် အချိန်ကာလများ သက်ဆိုင်ပါက သင် ပို၍ကြာကြာ စောင့်ဆိုင်းရနိုင်သည်။ သင်၏ ထောက်ပံ့ကြေး ရသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့ 2 ပတ်ပြည့်တိုင်း ပေးပါမည်။

သင် စောင့်ဆိုင်းရမည်ဆိုပါက မည်မျှစောင့်ဆိုင်းရမည်ကို ကျွန်ုပ်တို့ သင့်အား ပြောပြပါမည်။ သင်သည် သင်၏ ဝင်ငွေနှင့် သင့်ကြင်ဖော်ဘက်၏ ဝင်ငွေကို 2 ပတ်ပြည့်တိုင်း သတင်းပို့ရန်လည်း လိုအပ်ပါမည်။

သင်၏ တောင်းခံချက်ကို ကျွန်ုပ်တို့ စိစစ်သည့်အခါ သင်နှင့်သက်ဆိုင်မည့် စောင့်ဆိုင်းရမည့်ကာလများကို ကျွန်ုပ်တို့ တွက်ချက်ပါသည်။ သင်၏တောင်းခံချက်ကို တင်သွင်းပြီး 21 ရက်အတွင်း ကျွန်ုပ်တို့ထံမှ သင် ကြားရနိုင်ပါသည်။

သင်၏တောင်းခံချက်ကို စိစစ်ရန် ကြာမြင့်သည့်အချိန်သည် သင်၏ စောင့်ဆိုင်းရမည့် အချိန်ကာလနှင့် မသက်ဆိုင်ပါ။

## အခြေအနေများ ပြောင်းလဲခြင်း

အခြေအနေများ ပြောင်းလဲမှု တစ်စုံတစ်ရာဖြစ်ပြီး 14 ရက်အတွင်း ကျွန်ုပ်တို့အား သင် ပြောပြရန် လိုအပ်ပါသည်။ ၎င်းတွင် အောက်ပါလူများ၏ ပြောင်းလဲချက်များ ပါဝင်သည်–

- သင်၏ မိဘများ သို့မဟုတ် အုပ်ထိန်းသူများ
- သင်၏ ကြင်ဖော်ဘက်
- သင်၏ မှီခို ကလေးများ။

ပြောင်းလဲချက်များမှာ–

- သင်၏ ကိုယ်ရေးကိုယ်တာနှင့် ဆက်သွယ်ရမည့် အသေးစိတ်အချက်များ

- ပညာသင်သည့် ပြောင်းလဲချက်များ
- သင်၏ နေရေးထိုင်ရေး အခြေအနေ
- နာမည် ပြောင်းလဲမှုများ
- မိသားစု အခြေအနေ
- သင်၏ အိမ်ထောင်ရေး အခြေအနေ
- သင်၏ အလုပ်အကိုင်၊ ဝင်ငွေ နှင့် ပိုင်ဆိုင်ပစ္စည်း ပြောင်းလဲမှုများ တို့ဖြစ်သည်။

အကယ်၍ သင်၏ Centrelink အွန်လိုင်း စာရင်းကို myGov နှင့် ချိတ်ဆက်ထားပါက သင့်အခြေအနေများ၏ ပြောင်းလဲချက်များကို အွန်လိုင်းဖြင့် ကျွန်ုပ်တို့အား ပြောပြနိုင်ပါသည်။

သင့်အနေဖြင့် အောက်ပါနည်း တစ်ခုခုကိုသုံး၍လည်း ကျွန်ုပ်တို့အား ပြောပြနိုင်သည်–

- Express Plus Centrelink မိုဘိုင်းအက်ဖ်
- Centrelink ဖုန်းကိုယ်တိုင်ဆက်ခြင်း။

## ပိုမိုသိရှိရန်အတွက်

- အင်္ဂလိပ်စာဖြင့် အချက်အလက်ပိုမိုသိရှိရန် ဝက်ဆိုက်– **servicesaustralia.gov.au/youthallowancejobseeker**
- ဝက်ဘ်ဆိုက် **servicesaustralia.gov.au/yourlanguage** တွင် သင်၏ ဘာသာစကားဖြင့် အချက်အလက်များကို ဖတ်ရှုနိုင်သည် သို့မဟုတ် နားထောင်နိုင်သည်
- Centrelink ထောက်ပံ့ကြေးများနှင့် ဝန်ဆောင်မှုများအကြောင်း သင့် ဘာသာစကားဖြင့် ကျွန်ုပ်တို့နှင့်ပြောဆိုရန် ဖုန်း **131 202** ကိုဆက်ပါ
- Medicare အတွက် ဖုန်း **132 011** ကိုဆက်ပါ၊ Child Support အတွက်ဖုန်း **131 272** ကို ခေါ်ဆိုပါ။ သင် စကားပြန်တစ်ဦးလိုလျှင် ကျွန်ုပ်တို့ကို အသိပေးပါ၊ ကျွန်ုပ်တို့ စကားပြန်တစ်ဦးကို အခမဲ့ စီစဉ်ပေးပါမည်
- ဝန်ဆောင်ဌာနတစ်ခုသို့ သွားရောက်ပါ။

မှတ်ချက်– သင့်အိမ်ဖုန်းမှ ဩစတြေးလျနိုင်ငံ မည်သည့်နေရာမှမဆို **'13'** နံပါတ်များသို့ ဖုန်းခေါ်ဆိုမှုများကို ပုံသေ ဖုန်းခေါ်နှုန်းဖြင့် ကျသင့်ပါသည်။ အဆိုပါ ဖုန်းခေါ်ခနှုန်းထားများမှာ ဒေသတွင်း ကွဲပြားခြားနားနိုင်သလို တယ်လီဖုန်းကုမ္ပဏီ အချင်းချင်းအကြားတွင်လည်း ကွဲပြားခြားနားနိုင်ပါသည်။ သင့်အိမ်ဖုန်းမှ **'1800'** နံပါတ်များသို့ ဖုန်းခေါ်ဆိုမှုများမှာ အခမဲ့ဖြစ်သည်။ အများပြည်သူဖုန်းနှင့် မိုဘိုင်းဖုန်းများမှ ဖုန်းခေါ်ဆိုမှုများသည် အချိန်ကြာသည့်နှင့်အမျှ ပိုမိုများသော နှုန်းဖြင့် ပေးရနိုင်သည်။

## တာဝန်မယူငြင်းဆိုချက်

ဤစာစောင်တွင် ပါဝင်သော အချက်အလက်များကို ထောက်ပံ့ကြေးများနှင့် ဝန်ဆောင်မှုများ အတွက် လမ်းညွှန်တစ်ခု အဖြစ်သာ ရည်ရွယ်ပါသည်။ ထောက်ပံ့ကြေးငွေကို လျှောက်ထား လိုမလိုနှင့် သင့် သီးခြား အခြေအနေများနှင့်ပတ်သက်ပြီး လျှောက်လွှာတင်သွင်း လိုမလိုကို ဆုံးဖြတ်ရန်မှာ သင်၏ တာဝန်ဖြစ်သည်။

# Youth Allowance for job seekers

Youth Allowance for job seekers gives you financial help if you are 21 years of age or younger and looking for work, or temporarily unable to work.

# Eligibility for Youth Allowance for job seekers

The rules you need to meet to get Youth Allowance for job seekers depend on your situation.

You must be between 16 and 21 years of age and meet both:

- residence rules
- the income test.

You also need to be one of the following:

- unemployed and looking for work
- sick or injured and unable to do your usual work or study for a short time.

You may not be eligible if you get certain payments from the Department of Veterans' Affairs (DVA).

Your current circumstances will be considered to assess your eligibility for Youth Allowance.

# Payment rates for Youth Allowance for job seekers

The amount you can get may change depending on your personal situation. This includes:

- if you have a partner
- if you have children
- if you live at your parent's house
- if you live away from your parent's house to study, train or look for work
- if you own any assets, for example real estate, shares or managed investments
- how much income you and your partner earned in the past 14 days.

If you earn income over a certain amount, it may affect how much you can get.

# How to claim Youth Allowance for job seekers

You can claim Youth Allowance for job seekers online using your Centrelink online account through myGov. If you do not have a myGov account or a Centrelink online account, you need to set them up.

If you need help to set up your online account, you can talk to our staff. Let us know if you need an interpreter and we will arrange one for free.

You can start your claim up to 13 weeks before your circumstances will change.

It may be for one of the following reasons:

- you are stopping fulltime studies
- you will be working less hours and you meet the personal income test
- you know you are going to lose your job.

You can withdraw your claim at any time if your financial situation changes.

## When you get your first payment

You will need to complete your initial tasks and report your income before we can make your first payment.

In most cases, you will get your first Youth Allowance payment around 2 weeks after we approve your claim. You may have to wait longer if any waiting periods apply. Once your payment starts, we will pay you every 2 weeks.

We will tell you if you have a waiting period and how long you will need to wait. You will also need to report your and your partner's income every 2 weeks.

We calculate the waiting periods that apply to you when we assess your claim. You can expect to hear from us within 21 days of submitting your claim.

The time it takes us to assess your claim does not affect your waiting period.

## Change of circumstances

You need to tell us about any changes of circumstances within 14 days. This includes changes for your:

- parents or guardians
- partner
- dependent children.

The changes may include:

- your personal and contact details
- study changes
- your living situation
- name changes
- family situation
- your relationship status
- your employment, income, and asset changes.

If your Centrelink online account is linked to myGov, you can tell us online about changes to your circumstances.

You can also tell us using either:

- the Express Plus Centrelink mobile app
- Centrelink phone self-service.

## For more information

- go to **servicesaustralia.gov.au/youthallowancejobseeker** for more information in English
- go to **servicesaustralia.gov.au/yourlanguage** where you can read or listen to information in your language
- call **131 202** to speak with us in your language about Centrelink payments and services

- call **132 011** for Medicare and **131 272** for Child Support. Let us know if you need an interpreter, and we will arrange one for free
- visit a service centre.

Note: calls from your home phone to ‘13’ numbers from anywhere in Australia are charged at a fixed rate. That rate may vary from the price of a local call and may also vary between telephone service providers. Calls to ‘1800’ numbers from your home phone are free. Calls from public and mobile phones may be timed and charged at a higher rate.

## Disclaimer

The information contained in this publication is intended only as a guide to payments and services. It is your responsibility to decide if you wish to apply for a payment and to make an application with regard to your particular circumstances.